## နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရေးနှင့်စပ်လျဉ်း၍
## အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့်တို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများနှင့် Myanmar Companies Online (MyCO) တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများမှ Covid-19 ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ပြည်ပတွင် ရောက်ရှိနေသော ၎င်းတို့၏ နိုင်ငံခြားသားဝန်ထမ်းများအား Relief Flight ဖြင့် လိုက်ပါခွင့်ပြုပါရန်နှင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုပါရန် ကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့သို့ တင်ပြလျက်ရှိပါသည်။

၂။ ပြည်ပနိုင်ငံများမှ Relief Flight ဖြင့် လိုက်ပါခွင့်နှင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ထောက်ခံချက်များ/ ခွင့်ပြုမိန့်များ တောင်းခံလာပါက မဖြစ်မနေ အရေးတကြီး လာရောက်ရန် အမှန်တကယ် လိုအပ်သူ ဟုတ်/မဟုတ် စိစစ်ပြီးမှသာ ထောက်ခံချက် ထုတ်ပေးပါရန်နှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ လိုအပ်သော စိစစ်မှုများ ဆောင်ရွက်စေရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ညွှန်ကြားထားပါသည်။

၃။ COVID-19 ရောဂါဖြစ်ပွားနေမှုကာလအတွင်း Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ စီမံကိန်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာလုပ်ငန်းများအတွက် ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားများ လာရောက်ရာတွင် ဆိုက်ရောက်ဗီဇာခွင့်ပြုခြင်း မရှိသေးကြောင်း သိရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့်တို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများအတွက် ကော်မရှင်က ခန့်အပ်ခွင့်ပြုခဲ့ပြီးသော နိုင်ငံခြားသားများနှင့် Myanmar Companies Online (MyCO) တွင် မှတ်ပုံတင်ထားသည့်

ကုမ္ပဏီများအတွက် Company Extract Form တွင်ပါရှိသည့် Officers, Members များနှင့် ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် **Relief Flight ဖြင့် လိုက်ပါခွင့်နှင့် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ခွင့်အတွက် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများသို့သာ ဆက်သွယ်ဆောင်ရွက်ပါရန်** နှင့် သက်ဆိုင်ရာသံရုံးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနများက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ သဘောထားမေးမြန်းလာသည့်အခါ စိစစ်ပြန်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**